ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၄ ၊ အမှတ် ၃ ၂၀၁၈ ခုနှစ် ၊ ဒီဇင်ဘာလ၁ ရက်

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီးဦးစိုးဝင်း အကောက်ခွန်ဦးစီးဌာန လုပ်ငန်းဆောင်ရွက်မှုများ လှည့်လည်စစ်ဆေးခြင်း



စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် နိုဝင်ဘာလ (၂၃) ရက်နေ့ နံနက် (၁၀:၀၀) နာရီ အချိန်တွင် ရန်ကုန်မြို့ ၊ ကမ်းနားလမ်းရှိ အကောက်ခွန်ဦးစီးဌာနရုံး (ရုံးချုပ်) သို့ရောက်ရှိရာ အစည်းအဝေးခန်းမ၌ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် က အကောက်ခွန် ဦးစီးဌာန၏ သမိုင်းကြောင်း ၊ လက်ရှိကျင့်သုံးနေသော ဥပဒေ/လုပ်ထုံးလုပ်နည်းများ ၊ လက်ရှိ ဝန်ထမ်းအင်အား ၊ ထပ်မံတိုးချဲ့မည့် ဝန်ထမ်းဖွဲ့စည်းပုံ ၊ ဘဏ္ဍာနှစ်အလိုက် အခွန်ကောက်ခံရရှိမှု ၊ အကောက်ခွန်လုပ်ငန်းများပြုပြင်ပြောင်းလဲမှု နှင့် ခေတ်မီစေရေးမဟာဗျူဟာ ၊ နိုင်ငံတကာ နှင့် ဆက်သွယ်ဆောင်ရွက်မှုများ ၊ တရားမဝင် ကုန်သွယ်မှုအပေါ် အရေးယူဆောင်ရွက်မှုများ ၊ မြန်မာ့ ကုန်ပစ္စည်းအလိုအလျောက် ရှင်းလင်းရေးစနစ် (MACCS) ဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ်အား ဆောင်ရွက်မည့် အစီအစဉ် နှင့် အခြားဆက်လက်ဆောင်ရွက် မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အကောက်ခွန်ဦးစီးဌာနအနေဖြင့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရသည့်အတွက် လုပ်ငန်းဆောင်ရွက် ရာတွင် ကန့်သတ်ချက်များရှိကြောင်း ၊ နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်နေသည့် ကိစ္စ ရပ်များအား စဉ်ဆက်မပြတ် ၊ မျက်ခြည်မပြတ်၊ လေ့လာဆောင်ရွက်နေရန်လိုအပ်ကြောင်း ၊ ပြည်သူလူထုနှင့် နေ့စဉ် တိုက်ရိုက်ထိတွေ့ဆက်ဆံနေရသည့်ဌာန ဖြစ်သည့်အတွက် ဝန်ထမ်းတစ်ဦးချင်းစီ၏ အရည်အသွေး မြင့်မားနေရန် အဂတိတရား ကင်းရှင်းစွာဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်နှင့် လုပ်ငန်းလိုအပ်ချက်အရ လက်ရှိဖွဲ့စည်းပုံအင်အားကို တိုးချဲ့ပြင်ဆင်နိုင်ရေး လိုအပ်ကြောင်း ၊ တရားမဝင်ကုန်သွယ်မှုနှင့် ပတ်သက်၍ လျော့နည်းပပျောက်ရေး မဟာဗျူဟာ စီမံချက်နှင့်အညီထိရောက်စွာတားဆီးဆောင်ရွက်ရေး၊ အကောက်ခွန်ဦးစီးဌာနအနေဖြင့် နှစ်စဉ်နိုင်ငံတော်က ချမှတ်ထားသည့် အခွန်ငွေလျာထားချက်များကို ပြည့်မီကျော်လွန်အောင် အဆင့်အတန်းအားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပြီး အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) မှ နံနက် (၁၀:၃၀) အချိန်ခန့်တွင် ပြန်လည်ထွက်ခွာသွားပါသည်။

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း "ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေ" ပြင်ဆင်သည့် အစည်းအဝေးသို့ တက်ရောက်



၂၀၁၈ ခုနှစ် ၊ နိုဝင်ဘာလ (၃) ရက်နေ့တွင် ရန်ကုန်မြို့ ၊ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ (၁) ၌ ကျင်းပပြုလုပ်သော " ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေ" ပြင်ဆင်သည့် အခမ်းအနားသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း တက်ရောက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် အကောက်ခွန်ဦးစီးဌာနအနေဖြင့် ပင်လယ်ကြောင်းအကောက်ခွန် အက်ဥပဒေအားထပ်မံပြင်ဆင်ရသည့် ရည်ရွယ်ချက်အပါအဝင် ယင်းဥပဒေကြမ်း၌ အသစ်ထည့်သွင်း ဖော်ပြမည့် သတ်မှတ်ချက်များ (စာပိုဒ်များ) အား အဓိကရှင်းလင်းတင်ပြခဲ့ပါသည်။ "ပင်လယ် ကြောင်းအကောက်ခွန် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၈ ) ခုနှစ်" ကို ပြည်ထောင်စုလွှတ် တော်မှ ဥပဒေအမှတ် (၃၃) ဖြင့် ၂၀၁၈ ခုနှစ် ၊ ဒီဇင်ဘာလ (၆) ရက်နေ့တွင် အတည်ပြု ပြဋ္ဌာန်းခဲ့ ပါသည်။

၎င်းအစည်းအဝေးအား အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ၊ ဒုတိယညွှန်ကြား ရေးမှူးချုပ် (၁) ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (၂) နှင့် ဥပဒေရေးရာဌာနစု မှ အရာထမ်းများ တက် ရောက်ခဲ့ပါသည်။

# သတင်းအချက်အလက် စိတ်ဖြာလေ့လာမှု Intelligence Analysis Training Course သင်တန်းသို့ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးကျော်ထင်တက်ရောက် အဖွင့်အမှာစကားပြောကြား



၂၀၁၈ ခုနှစ် ၊ နိုဝင်ဘာလ (၁၉) ရက်နေ့မှ (၂၃) ရက်နေ့ အထိ ရန်ကုန်မြို့ Sule Shangrila Hotel ၌ ဩစတြေးလျ နယ်စပ်တပ်ဖွဲ့ (ABF) မှ ကြီးမှူးဖွင့်လှစ်ခဲ့သည့် သတင်းအချက်အလက် စိတ်ဖြာလေ့လာမှုသင်တန်း (Intelligence Analysis Training Course) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် တက်ရောက် အဖွင့်အမှာ စကားပြောကြားခဲ့ပါသည်။

အဆိုပါသင်တန်းတွင် သတင်းထောက်လှမ်းမှုဆိုင်ရာအချက်အလက်များ ၊ သတင်းထောက်လှမ်းမှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များအား မျက်ကန်းခြောက်ဦး ပုံပြင်ဖြင့် ဥပမာပေးဆွေးနွေးခြင်း ၊ သတင်းအချက်အလက် အသိပညာနှင့် သတင်းထောက်လှမ်းမှုဆိုင်ရာ အချက်အလက်များ ၊ သတင်းထောက်လှမ်း မှု၏အခန်းကဏ္ဍ ၊ ရည်ရွယ်ချက် ၊ ကောင်းမွန်သော သတင်းထောက်လှမ်းမှု၏ အင်္ဂါရပ်များအား ရှင်းလင်းပို့ချခဲ့ပြီး သင်တန်းအား အကောက်ခွန်ဦးစီးဌာန မှ ညွှန်ကြားရေးမှူးချုပ် ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် (၂) အပါအဝင် နှင့် အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ အရာထမ်း ၊ အမှုထမ်း (၂၀) ဦး တက်ရောက်ခဲ့ပါသည်။

# (၄၀) ကြိမ်မြောက် အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ ဘုံကထိန်ဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာ နှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် တက်ရောက်ခြင်း



(၄၀) ကြိမ်မြောက် အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ ဘုံကထိန်ဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာ အခမ်းအနားကို ၂၀၁၈ ခုနှစ် ၊ နိုဝင်ဘာလ (၁၁) ရက်နေ့ နံနက် (၉:၀၀) နာရီ အချိန်တွင် မင်းကွန်းတောရကျောင်းတိုက်၌ ကျင်းပပြုလုပ်ရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ နှင့် ဇနီးများ ၊ ညွှန်ကြားရေးမှူးများနှင့်ဇနီးများ ၊ အရာထမ်းများ ၊ အမှုထမ်းများ နှင့် အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းယောင်းများစုံလင်စွာ တက်ရောက်ခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်အား Eurocham Myanmar မှ တာဝန်ရှိပုဂ္ဂိုလ်များ လာရောက်တွေ့ဆုံခြင်း



၂၀၁၈ ခုနှစ် ၊ နိုဝင်ဘာလ (၁၃) ရက်နေ့တွင် ရန်ကုန်မြို့ ၊ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ၊ အစည်းအဝေးခန်းမ (၁) ခန်းမ၌ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်အား Eurocham Myanmar မှ တာဝန်ရှိပုဂ္ဂိုလ်များ လာရောက်တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲတွင် အကောက်ခွန်ဦးစီးဌာန အနေဖြင့် ဆောင်ရွက်လျှက်ရှိသော မော်တော်ယာဉ် တင်သွင်းမှုလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည့် အချက်များအား ခေါင်းစဉ် (၃) ခုဖြင့် အဓိက ရည်ရွယ် ဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးပွဲအား အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်အပါအဝင် ဒုတိယညွှန်ကြားရေးမှူးချုပ် (၁) ၊ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ အရာထမ်းများနှင့် Eurocham Myanmar မှ တာဝန်ရှိပုဂ္ဂိုလ် စုစုပေါင်း (၁၁) ဦး တက်ရောက်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၀၂၇.၄၄၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ (၁) ရက်နေ့ မှ (၃၀) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၃၄၄) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၂၀၂၇.၄၄၆) သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်



လေဆိပ်တားဆီးမှုအနေဖြင့် (၄) မှု ရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၇.၂) သန်းရှိသည့်အနက် ၂၀-၁၁-၂၀၁၈ ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (ပြည်ပဆိုက်ရောက်) ၌ လေယာဉ်ခရီးစဉ် အမှတ် VJ-917 ,SF-15509 ဖြင့် ဗီယက်နမ်နိုင်ငံ မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဝင်ရောက်လာသည့် နိုင်ငံခြားသားခရီးသည်ထံမှ စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Samsung Hand set (4) Nos with Accessories ၊ ခန့်မှန်းတန်ဖိုးကျပ် (၃.၂) သန်းအားတားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ နိုဝင်ဘာလအတွင်း ခန့်မှန်း တန်ဖိုးကျပ် (၂၀၂၇.၄၄၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးခြင်း



ဆိပ်ကမ်း တားဆီးမှုအနေဖြင့် တားဆီးမှု (၆) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၁၄၇.၀၈၀) သန်းရှိသည့် အနက် ၁၄-၁၁-၂၀၁၈ ရက်နေ့တွင် AWPT ဆိပ်ကမ်း၌ XIANG HENG Co., Ltd မှ တင်သွင်း လာသော Valvet Elastic Plain Printed ,Size : 180 cm အား အကောက်ခွန် စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ ID တွင်ကြေညာထားသည့် Item (4) မှာ ပါရှိလာခြင်းမရှိဘဲ ၊ Item (1) တွင် Valvet Elastic Plain Printed ,Size : 180 cm 1Pkgs = 360 Kgs , (20) Pkgs ပိုမိုပါရှိလာသဖြင့် ၊ ခန့်မှန်း တန်ဖိုးကျပ် (၅.၅၅၄)သန်းခန့်အားတားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ နိုဝင်ဘာလအတွင်း ခန့်မှန်း တန်ဖိုးကျပ် (၂၀၂၇.၄၄၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း




နယ်မြေတားဆီးမှုအနေဖြင့် တားဆီးမှု (၃၃၄) မှုရှိ၍ စုစုပေါင်း ခန့်မှန်းတန်ဖိုးမှာ ကျပ် (၁၈၇၃.၁၆၆) သန်းရှိသည့်အနက် ၁-၁၁-၂၀၁၈ ရက်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ Toyota Crown ယာဉ် (၁)စီး နှင့် Toyota Mark-II ယာဉ် (၁) စီးတို့အား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ဖုန်း Hand Set မျိုးစုံ (၅၁) ဖာ၊ စုစုပေါင်း ခန့်မှန်း တန်ဖိုးကျပ် (၁၀၀.၀၃၅)သန်းအား စစ်ဆေးတွေ့ရှိ၍တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ နိုဝင်ဘာလအတွင်း ခန့်မှန်း တန်ဖိုးကျပ် (၂၀၂၇.၄၄၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

### ထူးခြားဖမ်းဆီးမှု







ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁၇-၁၁-၂၀၁၈ ရက်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် Toyota Wish ယာဉ်(၁) စီးပေါ်တွင် တရားဝင် စာရွက် စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး အပိုင်းအစ ဖြတ်စဆိုဒ်စုံ (၁၀၉) ကီလိုဂရမ် အားလည်းကောင်း ၊ Mitsubishi Express ယာဉ် (၁) စီးပေါ်တွင် ခရီးသည် ပစ္စည်းတင်ဆောင်ရာနေရာ၌ အံဝှက်ပြုလုပ်၍ သိုဝှက်သယ်ဆောင်လာသည့် ကျွန်းခွဲသား (၀.၁၇၁၆) တန် ၊ ပိတောက်ခါးရွှေခွဲသား (၀.၉၀၃၆) တန် ၊ နိုင်ငံခြားစီးကရက် (၁၀ ဘူး ဝင် ၅၀ တောင့်ပါ) (၉) ဖာ ၊ (၁၀ ဘူး ဝင် ၄၀ တောင့်ပါ) (၁) ဖာ နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၂) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၉၃.၃၇၅) အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ နိုဝင်ဘာလအတွင်း ခန့်မှန်း တန်ဖိုးကျပ် (၂၀၂၇.၄၄၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

## ထူးခြားဖမ်းဆီးမှု




ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၃-၁၁-၂၀၁၈ ရက်နေ့တွင် မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေး ရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် TOYOTA HIACE SUPER CUSTOM ယာဉ် (၁) စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Purtier Placenta (16 Pkgs) (60 x Biosoftgels 1088 Pcs) နှင့် ပစ္စည်းသယ်ဆောင်လာသော ယာဉ် (၁)စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၄၄၀.၂) သန်းအား စစ်ဆေး တွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ နိုဝင်ဘာလအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | ၅ မှု | ၅ မှု | ၅၂၄.၀၇၅ သန်း |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | ၁ မှု | ၁ မှု | ၁.၅၂ သန်း |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၇ မှု | ၇ မှု | ၁၉.၂၇၃ သန်း |
| | စုစုပေါင်း | - | ၁၃ မှု | ၁၃ မှု | ၅၄၄.၈၆၈ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း (၁-၄-၂၀၁၈) ရက်နေ့ မှ (၃၀-၁၁-၂၀၁၈) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၁၆၆) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း (၁၆၃၄.၀၀၂) သန်း အား တားဆီးခဲ့ပြီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

ရွက်ဖျင်တဲများတင်သွင်းလိုသဖြင့် Duty Rate အားမေးမြန်းရာ HS Code မှာ 6306.29 ဖြစ်ပြီး အကောက်ခွန် 15% ၊ ကုန်သွယ်လုပ်ငန်းခွန် 5%နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ပြန်လည်ဖြေကြား ခဲ့ပါသည်။






Cashew Nut (Shelled) များ တင်သွင်းပါက ပေးဆောင်ရမည့် အခွန်နှင့် လိုင်စင်လျှောက်ထားရန် လို/ မလို မေးမြန်းခဲ့ရာ HS Code မှာ 0801.32 ဖြစ်ပြီး အကောက်ခွန် 15% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2 % ဖြစ်ပြီး လိုင်စင်လျှောက်ထားရန် လိုအပ်ကြောင်းပြန်လည်ဖြေကြားခဲ့ပါသည်။

ဂေါက်ကွင်းသုံးမြက်များ တင်သွင်းလိုပါသဖြင့် Duty Rate အား မေးမြန်းခဲ့ရာ HS Code မှာ 0607.90 ဖြစ်ပြီး အကောက်ခွန် 0% ၊ ကုန်သွယ်လုပ်ငန်းခွန် 5 %နှင့် ကြိုတင်ဝင်ငွေခွန် 2% ပေးဆောင်ရမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။




# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ



UPS များ တင်သွင်းလိုပါသဖြင့် မေးမြန်းခဲ့ရာ HS Code မှာ 8504.40 ဖြစ်ပြီး အကောက်ခွန် 1 % ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2 % ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

Cable များတင်သွင်းလိုသဖြင့် HS Code နှင့် Duty Rate အား မေးမြန်းရာ HS Code မှာ 7312.10 ဖြစ်ပြီး အကောက်ခွန် 1.5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။





ကော်ဇောများတင်သွင်းလိုသဖြင့် HS Code နှင့် Duty Rate အား မေးမြန်းခဲ့ရာ HS Code မှာ 5705.00 ဖြစ်ပြီး အကောက်ခွန် 15% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ပေးဆောင်ရမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။